ကန့်သတ်

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**
**အကောက်ခွန်ဦးစီးဌာန**

ရုံးတွင်းညွှန်ကြားလွှာအမှတ် ( ၃ / ၂၀၀၂ )

အကြောင်းအရာ ။ **အာမခံစပေါ်ငွေ ( R.D Revenue Deposit ) ကောက်ခံခြင်းနှင့် ပြန်လည်ပေးအပ်ခြင်းဆိုင်ရာ ညွှန်ကြားချက်**

၁။ သွင်းကုန်ရှင်းလင်းရေးလုပ်ငန်းများ မြန်ဆန်ချောမွေ့စေရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်ဖြင့် ကုန်တန်ဖိုးစာရင်းကဲ့သို့သော မူရင်း အထောက်အထား၊ စာရွက်စာတမ်းများ တင်ပြရန် လိုအပ်နေသောကြောင့် ယာယီစည်းကြပ်ခြင်း ( Provisional Assessment ) စနစ်ဖြင့် ရှင်းလင်း ခွင့်ပြုသည့် ကိစ္စရပ်များ၊ အကောက်ခွန်တန်ဖိုးဖြတ်ရန် အချက်အလက် အထောက်အထားများ စိစစ်ရန် လိုနေသောကြောင့် နောင်းတန်ဖိုးဖြတ်ခြင်း ( Post Valuation ) စနစ်ဖြင့် ရှင်းလင်းခွင့်ပြုသည့် ကိစ္စရပ်များတွင် နိုင်ငံတော်၏ အခွန်ဘဏ္ဍာများဆုံးရှုံးယိုဖိတ်မှု မဖြစ်စေရန် အာမခံစပေါ်ငွေများ တင်သွင်းစေပြီး ရှင်းလင်းခွင့်ပြုသည့် လုပ်ထုံးကို ရုံးတွင်း ညွှန်ကြားလွှာများ ထုတ်ပြန်ဆောင်ရွက်စေခဲ့ ပါသည်။

၂။ ယင်းသို့ ဆောင်ရွက်စေရာတွင် ပြောင်းလဲနေသော ကုန်သွယ်မှုစနစ်များ၊ နိုင်ငံခြားငွေလွှဲပြောင်းပေးချေမှုနည်းလမ်းများ နှင့် အခွန်စည်းကြပ်မှုအခြေခံ ( Tax Base ) ပြောင်းလဲ ကျင့်သုံးမှု အခြေအနေများအရ လိုက်လျောညီထွေဖြစ်စေရန် အခါအားလျော်စွာ ညွှန်ကြားချက်များ ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။ လက်ငင်းဖြစ်ပေါ်နေသော အခြေအနေများအရလည်း သွင်းကုန်လုပ်ငန်းရှင်များ ပေါ်တွင် ဖိစီးမှုများသျှော့ချရန် နိုင်ငံတကာစံလုပ်ထုံးများနှင့်မသွေဖီသော လုပ်ထုံးများ ဖော်ဆောင် ကျင့်သုံးရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။ ထို့ပြင် အခွန်စည်းကြပ်သူဝန်ထမ်းနှင့် အခွန်ထမ်း လုပ်ငန်းရှင်တို့အကြား မြင်သာထင်သာရှိမှု ( Transparency ) ကိုလည်း ဖော်ဆောင်ရန် လိုအပ်ကြောင်း တွေ့ရပေသည်။ သို့ဖြစ်၍ အာမခံစပေါ်ငွေ ( R.D Revenue Deposit ) ကောက်ခံခြင်း နှင့် ပြန်လည်ပေးအပ်ခြင်းဆိုင်ရာ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**အာမခံစပေါ်ငွေ ( R.D Revenue Deposit ) ကောက်ခံခြင်း**

၃။ အောက်ပါကိစ္စရပ်များတွင် အောက်ဖော်ပြပါ အာမခံစပေါ်ငွေများ ပေးဆောင်ပြီး မှသာ သွင်းကုန်များကို ရှင်းလင်းခွင့်ပြုရမည် -

ကန့်သတ်

FOX / 5 RDY

(က) ယာယီစည်းကြပ်ခြင်း။ ကုန်တန်ဖိုးစာရင်းကဲ့သို့သောမူရင်းအထောက်အထား စာရွက်စာတမ်းများ တင်ပြရန် လိုအပ်နေသောကြောင့် ယာယီစည်းကြပ်မှု ဖြင့် ရှင်းလင်းခွင့်ပြုရန် လျှောက်ထားရာတွင်-

(၁) အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်မရသည့် သွင်းကုန်များ အတွက် ကျသင့်ခွန် အရပ်ရပ်အပြင်၊ ယင်း အခွန်အရပ်ရပ်စုစုပေါင်း၏ တစ်ဆ (၁၀၀%) ကို အာမခံစပေါ်ငွေပေးဆောင်စေရမည်။

(၂) သက်သာခွင့်ရသည့် သွင်းကုန်များ အတွက် ကျသင့်ခွန်အရပ်ရပ် အပြင်၊ ယင်းအခွန်အရပ်ရပ်စုစုပေါင်းပေါ်တွင် သက်သာခွင့်မရသည့် အကောက်ခွန်နှုန်းအတိုင်း အာမခံစပေါ်ငွေပေးဆောင်စေရမည်။

(၃) အခွန်ကင်းလွတ်ခွင့်၊ သို့မဟုတ် တည်ဆဲ အကောက်ခွန်နှုန်း ( ၀% ) သတ်မှတ်ထားသည့် သွင်းကုန်များ အတွက် စည်းကြပ်တန်ဖိုး၏ ( ၁% ) ကို အာမခံစပေါ်ငွေပေးဆောင်စေရမည်။

FOX / PVRDY

(ခ) နှောင်းတန်ဖိုးဖြတ်စနစ်အရစည်းကြပ်ခြင်း။ အကောက်ခွန် တန်ဖိုးဖြတ်ရန် အချက်အလက်အထောက်အထားများ စိစစ်ရန်လိုနေ၍ အပြီးသပ် စည်းကြပ်မှု မပြုနိုင်သောကြောင့် နှောင်းတန်ဖိုးဖြတ်စနစ်အရ ရှင်းလင်းခွင့်ပြုသော ကိစ္စရပ်များတွင်-

(၁) အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် မရသည့် သွင်းကုန်များ အတွက် ကျသင့်ခွန်အရပ်ရပ်အပြင်၊ စည်းကြပ်တန်ဖိုး၏ (၁၀%) ကို အာမခံစပေါ်ငွေ ပေးဆောင်စေရမည်။

(၂) အခွန်ကင်းလွတ်ခွင့်၊ သို့မဟုတ် တည်ဆဲအကောက်ခွန်နှုန်း ( ၀% ) သတ်မှတ်ထားသည့် သွင်းကုန်များ အတွက် စည်းကြပ်တန်ဖိုး၏ (၁%) ကို အာမခံစပေါ်ငွေ ပေးဆောင်စေရမည်။

**အပြီးသတ်ရှင်းလင်းရမည့်ကာလ**

၄။ ယာယီစည်းကြပ်ခြင်းနှင့်နှောင်းတန်ဖိုးဖြတ်စနစ်အရ စည်းကြပ်ခြင်းနည်းလမ်းတို့ အရ ရှင်းလင်းထုတ်ယူခဲ့သော သွင်းကုန်ကြေငြာလွှာများကို သာမန်အားဖြင့် ရက်ပေါင်း (၁၂၀) အတွင်း သက်ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများနှင့်အတူ အပြီးသတ်ရှင်းလင်းပြီး ပေးသွင်းထားသော အာမခံစပေါ်ငွေများကို ပြန်လည်ပေးအမ်းရန် လျှောက်ထားရယူနိုင်သည်။ အချိန်ဆိုင်း ငွေပေးချေခြင်း ( Deferred Payment ) ကို ကုန်ရောင်းစာချုပ်အရ ခွင့်ပြုထားသော ကိစ္စရပ် များတွင် အဆိုပါစာချုပ်ကို အထောက်အထားပြုတင်ပြပြီး၊ စာချုပ်ပါ ကာလကျော်လွန်ပြီး ရက်သတ္တ-၄ ပါတ် ( ၃၀-ရက် ) အတွင်း အာမခံစပေါ်ငွေများကို ပြန်လည်ပေးအမ်းရန် လျှောက်ထားရယူနိုင်ပါသည်။

ထိုကာလများထက် ကျော်လွန်သော လျှောက်ထားမှုများပေါ် ပြန်အမ်းကိစ္စရပ်များကို စဉ်းစားပေးနိုင်မည်မဟုတ်ပဲ ဒေါ်လာငွေအဖြစ်သတ်မှတ်ကာ အမှုများပိတ်သိမ်းသွားမည် ဖြစ်သည်။

**ပြန်အမ်းခြင်း**

၅။ ကုန်တင်သွင်းသူက သက်ဆိုင်ရာ အထောက်အထား၊ စာရွက်စာတမ်းများ ပြည့်စုံစွာဖြင့် အာမခံစပေါ် ပြန်အမ်းငွေများ ပြန်လည်လျှောက်ထားလာသောအခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) <u>ထုတ်/သွင်းဌာနခွဲ</u>။ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(၁) ပြန်အမ်းလျှောက်လွှာကို ပူးတွဲပါသော အထောက်အထားပြည့်စုံစွာ ပါရှိခြင်း ရှိ/မရှိ စိစစ်ပြီး လက်ခံရက်စွဲ နှင့် ဝင်စာမှတ်ပုံတင်အမှတ်ကို စနစ်တကျ မှတ်ပုံတင်ထားရမည်။

(၂) လုပ်ငန်းနှင့်အညီ ပြန်အမ်းခွင့်ပြုနိုင်သော အခွင့်အာဏာရှိသူသို့ တင်ပြ အမိန့်တောင်းခံရမည်။

(၃) ပြန်အမ်းခွင့်ပြုနိုင်သော အခွင့်အာဏာရှိသူက လျှောက်လွှာလက်ခံရရှိပြီးနောက် အလုပ်လုပ်ရက် (၁) ရက်အတွင်း စိစစ်ပြီးပြန်အမ်းအမိန့်ကို ချမှတ်ပေးရမည်။ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်ရမည်။ ခွင့်ပြုအမိန့်ချမှတ်ပြီးသော အမှုတွဲများကို မှတ်ပုံတင်ပြီး ပြန်အမ်းငွေများ ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်နိုင်ရန် ဘဏ္ဍာလုပ်ငန်းစစ် ဌာနခွဲသို့ အမြန်လွှဲပြောင်းပေးရမည်။

(၄) ပြန်အမ်းအမိန့်ချမှတ်ပြီးသော အမှုတွဲများနှင့်ပတ်သက်၍ အများပြည်သူ သိရှိနိုင်စေရန် ကြော်ငြာသင်ပုန်းတွင် နောက်ဆက်တွဲ (က) ပါအတိုင်း အချက်အလက်များ ဖော်ပြကာ အသိပေးကြေညာထားရမည်။

(ခ) <u>ဘဏ္ဍာလုပ်ငန်းစစ်ဌာနခွဲ</u>။ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(၁) ထုတ်/သွင်းဌာနခွဲမှ ပြန်အမ်းခွင့်ပြုအမိန့်များ ရရှိပြီးသော အမှုတွဲများကို လွှဲပြောင်းလက်ခံရရှိပြီးပါက စနစ်တကျ မှတ်ပုံတင်ပြီး စာရင်းစစ်ဆေးခြင်း လုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်ကာ ပြန်အမ်းငွေများ ပေးအမ်းနိုင်ရန် ညွှန်ကြားရေးမှူး (ဘဏ္ဍာ/လုပ်ငန်းစစ်) ထံ တင်ပြအမိန့်တောင်းခံရမည်။ ညွှန်ကြားရေးမှူး (ဘဏ္ဍာ/လုပ်ငန်းစစ်) သည် အမှုတွဲများကို ထုတ်/သွင်းဌာနခွဲ မှ လွှဲပြောင်းလက်ခံရရှိသည့် ရက် မှစ၍ အလုပ်လုပ်ရက် (၄) ရက် အတွင်း သင့်ကုန်လုပ်ငန်းရှင်များ ကို ပြန်အမ်းငွေများ ပြန်လည် ထုတ်ပေးနိုင် ရေး ကြပ်မတ်ဆောင်ရွက် ရမည်။

(၂) ပြန်အမ်းငွေများ ထုတ်ပေးရန် အဆင်သင့် ဖြစ်နေသည့် အမှုတွဲများ နှင့်

ပတ်သက်၍ အများပြည်သူ သိရှိနိုင်စေရန် ကြော်ငြာသင်ပုန်းတွင် နောက်ဆက်တွဲ (ခ) ပါအတိုင်း အချက်အလက်များ ဖော်ပြကာ အသိပေး ကြေညာထားရမည်။

၆။ ဤညွှန်ကြားလွှာပါ အချက်များသည် လုပ်ငန်းများ မြန်ဆန်ရေးကိုသာမက အစွန် စည်းကြပ်သူ ဝန်ထမ်းနှင့် အခွန်ထမ်းလုပ်ငန်းရှင်တို့အကြား မြင်သာထင်သာ ရှိမှု ( Transparency ) ကို ဖော်ဆောင်ခြင်းဖြင့် မိမိဦးစီးဌာန၏ လုပ်ငန်းများအပေါ် အထင်အမြင်လွဲမှားမှုများ ပပျောက် သွားစေရန် ရည်ရွယ်ထုတ်ပြန်ခြင်းဖြစ်ရာ အဆင့်အားလုံးက တိကျစွာ လိုက်နာဖော်ဆောင်ကြရမည်။ ဤညွှန်ကြားလွှာဖြင့် ယခင်ထုတ်ပြန်ထားသော အာမခံစပေါ်ငွေပေးသွင်း၍ ရှင်းလင်းခြင်းနှင့် ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၉/၂၀၀၀) အရ ထုတ်ပြန်ထားသော ပုံသေအာမခံစပေါ်ငွေ အဝိန္ သည့်စနစ်ဖြင့် ပေးသွင်းရှင်းလင်းခြင်းများနှင့် သက်ဆိုင်သည့် ညွှန်ကြားလွှာများကို ကျော်လွှား ပယ်ဖျက် လိုက်သည်။

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်။ ၄၅-က-၉၆
ရက်စွဲ။ ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

<u>ဖြန့်ဝေခြင်း</u>

ညွှန်ကြားရေးမှူး (ထုတ်/သွင်း)
ညွှန်ကြားရေးမှူး (ဘဏ္ဍာ/လုပ်ငန်းစစ်)
မြန်အမ်းလုပ်ငန်းစုများ (ထုတ်/သွင်း) (ဘဏ္ဍာလုပ်ငန်းစစ်)
ဒုတိယညွှန်ကြားရေးမှူး (ထုတ်/သွင်း) (ဘဏ္ဍာလုပ်ငန်းစစ်)

မိတ္တူကို-

ဒုတိယညွှန်ကြားရေးမှူးချုပ်။
ညွှန်ကြားရေးမှူး (ကာ) (စစရ) (နယ်) (ထောက်/ပို့) (စီမံ)။
ဒုတိယညွှန်ကြားရေးမှူးများ။
ပြည်နယ်နှင့်တိုင်းအခကောက်ခွန်ဦးစီးဌာနမှူးများ။
လက်ထောက်ညွှန်ကြားရေးမှူးများ။
မြန်မာနိုင်ငံအကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်များအသင်း။

နောက်ဆက်တွဲ (က)

## ထုတ်/ သွင်း ဌာနခွဲမှ ပြန်အမ်းအမိန့်ချမှတ်ပြီးသောအမှုတွဲများ

ကြေညာသည့်ရက်စွဲ (  –  –  )

ဘဏ္ဍာလုပ်ငန်းစစ် Notice Board တွင်ပြန်အမ်းငွေထုတ်ရန်ကြေညာမှုကိုကြည့်ပြီး
ငွေထုတ်ယူရရှိရေးဆောင်ရွက်ပါ

| စဉ် | ကုမ္ပဏီအဖွဲ့အစည်းအမည် | လျှောက်လွှာ | | ပြန်အမ်းအမိန့်ချရက် |
|---|---|---|---|---|
| | | ဝင်စာမှတ်ပုံတင် | ရက်စွဲ | |
| | | | | |

နောက်ဆက်တွဲ (ခ)

## ဘဏ္ဍာလုပ်ငန်းစစ်ဌာနခွဲမှ ပြန်အမ်းရန်အသင့်ဖြစ်နေသောအမှုတွဲများ

ကြေညာသည့်ရက်စွဲ (  –  –  )

| စဉ် | ကုမ္ပဏီအဖွဲ့အစည်းအမည် | လျှောက်လွှာ | | ပြန်အမ်းမည့်ငွေ | ပြန်အမ်းငွေလာရောက်ထုတ်ယူနိုင်သည့်ရက် |
|---|---|---|---|---|---|
| | | ဝင်စာမှတ်ပုံတင် | ရက်စွဲ | | |
| | | | | | |

# ဖမ်းဆီးမှုအစီရင်ခံစာ

အမှုတွဲအမှတ် – ၁ – ရ (ယာယီ) / ၂၀ ( )

မှတ်ချက် ။ (လိုအပ်သောအချက်များကိုသာဖြည့်စွက်ရန်)

---

နေ့စွဲ – နေရာ –

အချိန် – ကျူးလွန်သည့်ဥပဒေပုဒ်မများ –

---

၁။ ပစ္စည်းပိုင်ရှင်အမည် – ______

၂။ မှတ်ပုံတင်အမှတ် (သို့) – ______

နိုင်ငံခြားသားမှတ်ပုံတင်အမှတ်

၃။ နေရပ် – ______

၄။ အသက် – ______

၅။ ပစ္စည်းပေးပို့သူအမည်/လိပ်စာ – ______

၆။ ပစ္စည်းအမျိုးအမည်/အရေအတွက် – ______

၇။ ကုန်ထုတ်အမှတ်အသား – ______

၈။ ကုန်ထုတ်အရေအတွက် – ______

၉။ ပစ္စည်းတန်ဘိုး (ဆိပ်ကမ်းရောက်/ – ______

ရာဖြတ်/စည်းကြပ်) – ______

၁၀။ သွင်းကုန်စာရင်း (သို့) – ______

အကောက်ခွန်စည်းကြပ်မှုပုံစံ – ______

အမှတ် နှင့် နေ့စွဲ – ______

၁၁။ ကုန်ပို့စာရင်း၊ စာအမှတ်နှင့် – ______

နေ့စွဲ – ______

၁၂။ သင်္ဘောကုန်တင်လွှာ (သို့) – ______

လေကြောင်းကုန်တင်လွှာ – ______

RD = ကျပ်

( ) အမှတ် နှင့် နေ့စွဲ – ______

၁၃။ တင်သွင်း သည့် သင်္ဘော - ------------------------------------------

တင်ပို့ လေယာဉ်

၁၄။ ဆိုက်ရောက် သည့် နေ့ရက် - ------------------------------------------

ထွက်ခွာ

၁၅။ ယာဉ်ဝင်စာရင်းအမှတ် - ------------------------------------------

၁၆။ ကုန်ပါစာရင်းအမှတ် - ------------------------------------------

၁၇။ ဖမ်းဆီးအရာရှိအမည် - ------------------------------------------

၁၈။ ကြီးကြပ်သူအရာရှိအမည် - ------------------------------------------

၁၉။ ဖမ်းဆီးသည့်လုပ်ငန်းရ - ------------------------------------------

ဌာနစိတ် - ------------------------------------------

၂၀။ အစီရင်ခံချက် - ------------------------------------------

သကကဇ ကြီးကြပ်ရေးယာယီ အက်ဥပဒေ (၁) (၂) နှင့် ပလက ဥပဒေ (၉) ကျူးလွန်၍ ပလက ဥပဒေ ၁၉၇ (၁) အရ အရေးယူခြင်း၊ ပလက ဥပဒေ (၁၀၃) အရ ကျသင့်ခွန် နှင့် ရွေးယူဒဏ်ငွေပေးဆောင်၍ ထုတ်ယူခွင့်ပြုခြင်းဖြစ်ပါသည်။

( အစီရင်ခံစာ တွင် ရေးသားပြီးဖြစ်ပါသည်။ )

အမိန့်စာမူကြမ်း ပူးတွဲတင်ပြအပ်ပါသည်။ ..........................................

ဒုတိယညွှန်ကြားရေးမှူးချုပ်

ညွှန်ကြားရေးမှူး (ထ/သ)

လက်ထောက်ညွှန်ကြားရေးမှူး (ထ/သ)။

သို့

ညွှန်ကြားရေးမှူး
ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ
အကောက်ခွန်ဦးစီးဌာန

ဝ၁/-တန်တံဆိပ်ခေါင်း

စာအမှတ်၊
ရက်စွဲ ၊ ခုနှစ် လ ရက်

အကြောင်းအရာ။ အာမခံစပေါ်ငွေပြန်အမ်းရန်လျှောက်ထားခြင်း

၁။ လိုအပ်သောစာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာတင်ပြနိုင်ခြင်း မရှိသေး၍ အာမခံပေါ်ငွေ ပေးဆောင်ထုတ်ယူခဲ့ပြီးနောက် ၊ ယခုအခါတွင် ၎င်းအထောက်အထားများကို ပူးတွဲတင်ပြနိုင်သောကြောင့် ပေးသွင်းထားသော အာမခံစပေါ်ငွေကို ပြန်အမ်းနိုင်ရန်အတွက် အောက်ပါအချက်အလက်များ ဖော်ပြလျှောက်ထားအပ်ပါသည်

(က) လျှောက်ထားသူအမည် ----------------------------
(ခ) အမျိုးသားမှတ်ပုံတင်အမှတ် ----------------------------
(ဂ) မူလအာမခံစပေါ်ငွေပေးသွင်းသူ/ အဖွဲ့အစည်း အမည်နှင့်လိပ်စာ ----------------------------
(ဃ) ပြန်လည်ပေးအမ်းရန်လျှောက်ထားမည့်အာမခံစပေါ်ငွေကျပ် ( ဂဏန်းဖြင့်)--------------------
(စာဖြင့်) ----------------------------
(င) ပေးသွင်းထားသည့်ရက်စွဲ ----------------------------
(စ) ရေးသွင်းခဲ့သည့်အကောက်ခွန်ကြေငြာလွှာအမှတ်စဉ်/ရက်စွဲ ----------------------------

၂။ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြပါသည် (သို့မဟုတ်အမှတ်အသားပြရန်)

(က) ကြေညာလွှာတတိယ [ မူရင်း ] [ မိတ္တူ ]
(ခ) I B R INVOICE [ ]
(ဂ) I B R EXEMPTION [ ]
(ဃ) INVOICE ORIGINAL [ ]
(င) B L ORIGINAL [ ]
(စ) TEST RESULT [ ]
(ဆ) DEBIT ADVICE [ ]
(ဇ) အခြား(စာဖြင့်ရေးသားဖော်ပြရန်) --------------------------

၃။ ဂတိခံဝန်ချက်။ အထက်ပါပြန်အမ်းငွေလျှောက်ထားခြင်းသည် မမှန်မကန် လျှောက်ထားရယူခြင်း မဟုတ်ကြောင်းနှင့် တစ်စုံတစ်ရာမမှန်မကန်ဆောင်ရွက်ခဲ့ကြောင်း စီစစ်တွေ့ရှိပါက အကောက်ခွန်ဦးစီးဌာန၏ နစ်နာဆုံးရှုံးမှု အရပ်ရပ်က ပြီးပြေလည်သည်အထိ ပေးလျော်ရန် ဝန်ခံဂတိပြု လက်မှတ်ရေးထိုးအပ်ပါသည်။

( လျှောက်ထားသူလက်မှတ် )

# ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ
## ရာဖြတ်ဌာနခွဲ

စာအမှတ် ၊ ၁ - ရာ (ယာယီ) / ၂၀ (      )

ရက်စွဲ ၊ ၂၀    ခုနှစ်        လ    ရက်

အကြောင်းအရာ ။ **အာမခံစပေါ်ငွေပြန်လည်ပေးသွင်းရန်လျှောက်ထားခြင်း**

ရည်ညွှန်းချက် ။
(၁) ဝင်စာအမှတ်နှင့် ရက်စွဲ၊ ..................................

(၂) ကုန်တင်သွင်းသူအမည် ၊ ..................................

..................................

(၃) နေရပ်လိပ်စာ ၊ ..................................

..................................

(၄) ယာဉ်ဝင်အမှတ်/ကုန်ပါစာရင်းအကြောင်း ..................................

..................................

(၅) ယာဉ်အမည်နှင့် အဝင်ရက်စွဲ၊ ..................................

..................................

(၆) သွင်းကုန်ကြေညာလွှာမှတ်ပုံတင်စာရင်းအမှတ်၊ ..................................

..................................

(၇) သွင်းကုန်ကြေညာလွှာလက်ခံရက်စွဲ၊ ..................................

..................................

(၈) ပစ္စည်းအမျိုးအမည်၊ ..................................

..................................

(၉) အာမခံစပေါ်ငွေတန်ဖိုး ၊ ..................................

ဆက်လက်ဆောင်ရွက်နိုင်ရန် တင်ပြအပ်ပါသည်။

အကြောင်းအရာ ။ **အာမခံစပေါ်ငွေ (Refund) ပြန်အမ်းခြင်းကိစ္စ။**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ------------------------------------ သည် SR (-------------------)၊ Book No. (--------------------) CR No. (--------------) Date (-----------------) ဖြင့် အာမခံစပေါ်ငွေ (------------------------------------------------------------------------------) ကျပ်တိတိကို (------------------) နေ့တွင် ပေးသွင်းထားခဲ့ပါသည်။

၂။ ယခုအခါ ID Invoice, Licence, Bill of Exchange တို့ကိုတင်ပြပြီး အာမခံစပေါ်ငွေများ ပြန်လည်ပေးအပ်ရန်လျှောက်ထားလာပါသည်။

၃။ အာမခံစပေါ်ငွေ ပေးသွင်းရက်မှာ (-------------------) ဖြစ်ပြီး ပြန်အမ်းငွေ လျှောက်ထားရက်မှာ (---------------------)ဖြစ်ပါသည်။ ရက်ပေါင်း (--------) ဖြစ်ပါသည်။

၄။ ပြန်အမ်းကာလစည်းကမ်းသတ်မှတ်ချက်မှာ ရက်ပေါင်း ( ၁၂၀ ) ဖြစ်သောကြောင့် ယခုကိစ္စ သတ်မှတ်ရက်အတွင်း အကျုံးဝင်ပါသည်။

၅။ ဆက်လက်ဆောင်ရွက်နိုင်ပါရန် တင်ပြအမိန့်နာခံအပ်ပါသည်။

**<u>တာဝန်ခံ (Refund)</u>**

# ပြန်အမ်းခြင်း (REFUND)

အဓိပ္ပါယ်ဖွင့်ဆိုချက်။ အကောက်ခွန်ဦးစီးဌာန၏ ... ရအနေဖြင့် ခေါ်ဝေါ်သုံးစွဲနေသည့် "ပြန်အမ်း" ဟူသောစကားရပ်မှာ ဌာနစိတ် လုပ်ငန်းစုအသီးသီး၏ လုပ်ငန်းများအရ ပိုမိုစည်းကြပ်ကောက်ခံမိခဲ့သောအခွန် အခများနှင့် မှုခင်းများ၌တပ်ရိုက်ကောက်ခံခဲ့သည့်ဒဏ်ငွေများကို အယူခံအမိန့်များအရ သက်ဆိုင်သူများသို့ ပြန်လည်ပေးအမ်းခြင်းကို ဆိုလိုပါသည်။

## ပင်လယ်အကောက်ခွန်ဥပဒေပုဒ်မ (၄၀) အရ ပြန်အမ်းခြင်းကိစ္စရပ်များ

အလေးဂရုမပြုမှု (INADVERTANCE)၊ မှားယွင်းမှု (ERROR) အယူအဆလွဲမှားကောက်ယူမှု (MISCONSTRUCTION) တစ်စုံတစ်ရာကြောင့် မူလပေးဆောင်ခဲ့သော အခွန်အခများ၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် အားလုံးကို ပြန်လည်ပေးအမ်းရန်အတွက် ထိုအခွန်အခများ အကောက်ခွန်ဦးစီးဌာနသို့ ပေးဆောင်ခဲ့သည့် နေ့မှစ၍ (၃)လအတွင်း သက်ဆိုင်သူက လျှောက်ထားတောင်းခံခြင်းမပြုလျှင် ထိုအခွန်အခများပြန်လည်ပေးအမ်း ခြင်းကို ပင်လယ်ကြောင်းအကောက်ခွန်ဥပဒေပုဒ်မ (၄၀) အရ တားမြစ်ထားပါသည်။

ထိုကန့်သတ်သည့်အချိန်ကာလကို တွက်ချက်ရာတွင် အကောက်ခွန်ဦးစီးဌာနသို့ အခွန်အခများ ပေးသွင်းသည့်နေ့ရက်ကိုပယ်၍ နောက်တစ်နေ့မှစပြီး ပြန်လည်ပေးအမ်းရန် တောင်းခံချက်ပါရှိသော လျှောက်လွှာကို အကောက်ခွန်ဦးစီးဌာန၌ လက်ခံရရှိသည့်နေ့အထိ အချိန်အထိ ကာလကိုတွက်ချက်ရပါမည်။ ပြန်အမ်းခြင်း (၄) မျိုးရှိရာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အခွန်အခပေးဆောင်ခဲ့သူများက အကြောင်းတစ်စုံတစ်ရာကြောင့် လျှောက်ထားတောင်းခံသည့်ကိစ္စများ ။ (CLAIMS)

(ခ) လုပ်ငန်းစစ်ဆေးရေးဌာနစိတ်၏ ကန့်ကွက်ချက်များနှင့် အခြားဌာနစိတ်လုပ်ငန်းစုများ၏ ပြန်လည်စစ်ဆေးချက်များအရ မှားယွင်း၍ ဖြစ်စေ၊ အယူအဆလွဲမှား၍ ဖြစ်စေ၊ ပိုမိုကောက်ခံထားသည့် အခွန်အခများကို အကောက်ခွန်ဦးစီးဌာန၏ သဘောထားအလျောက်သက်ဆိုင်သူများသို့ ပြန်လည်ပေးအမ်းသည့်ကိစ္စများ ။ (SUOMOTO REFUND)

(ဂ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပင်လယ်ကြောင်းအကောက်ခွန်ဥပဒေပုဒ်မ (၂၃) အရ ထုတ်ပြန်သည့် အကောက်ခွန်နှင့် အခြားအခွန်အခများ ကင်းလွတ်ခွင့်အမိန့်များနှင့် အခြားသက်ဆိုင်ရာဌာနများက ထုတ်ပြန်သည့်အမိန့်များ။ (ဥပမာ – ကုန်သွယ်ရေးဌာနမှ ထုတ်ပြန်သည့် လိုင်စင်ခွန်ကင်းလွတ်ခွင့်အမိန့်များ) အရ ပြန်လည်ပေးအမ်းသည့်ကိစ္စရပ်များ။

(ဃ) အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်စစ်ဆေးမှုများ၌ ချမှတ်သည့်အမိန့်များအရ၊ အခွန်အခများ၊ ဒဏ်ငွေများ ပြန်လည်ပေးအမ်းသည့်ကိစ္စများ ။

## ပင်လယ်ကြောင်းအကောက်ခွန်ဥပဒေပုဒ်မ (၄၀) နှင့်အကျုံးဝင်သည့်ကိစ္စရပ်များ

ပင်လယ်ကြောင်းအကောက်ခွန်ဥပဒေပုဒ်မ (၄၀) အရ "လျှော့က်ထား၍ ပြန်အမ်းရမည့်ကိစ္စ၊ မိမိသဘောအရပြန်အမ်းရမည့်ကိစ္စ" များတွင် (၆) ဟူသောအချိန်ကာလအပိုင်းအခြားနှင့် ပိတ်ပင်ထားဖြစ်ထားရာ ယင်းပုဒ်မ (၄၀) ဖြင့် အကျုံးဝင်သောကိစ္စရပ် (၆) မျိုးမှာ -

(က) သွင်းကုန်ထုတ်ကုန်ကြေညာလွှာများတွင် ပစ္စည်းအမျိုးအမည်၊ အရေအတွက် (သို့မဟုတ်) တန်ဘိုးကို မှားယွင်းတွက်ချက်ဖော်ပြမိသဖြင့်၊ အခွန်အခများ ပိုမို၍ ကောက်ခံထားသည့်ကိစ္စ (WRONG DECLARATION OR WRONG CALCULATION)

(ခ) ကုန်ပစ္စည်းများစည်းကြပ်ရာတွင် မှားယွင်း (သို့မဟုတ်) အယူအဆလွဲမှားသဖြင့် အခွန်အခများ ပိုမိုကောက်ခံထားသည့်ကိစ္စများ။ (WRONG ASSESSMENT)

(ဂ) ဖော်ပြချက်နှင့်စည်းကြပ်ခြင်းများ မှန်ကန်သော်လည်း အခွန်အခများ ကောက်ခံရာတွင် မှားယွင်းသဖြင့် ပိုမိုကောက်ခံထားသည့် ကိစ္စများ ။ (WRONG COLLECTION)

(ဃ) သွင်းကုန်ကြေငြာလွှာတွင် ဖော်ပြထားသည့် ကုန်ထုပ်အရေအတွက် အပြည့်အပေါ် တွင် အကောက်ခွန်ပေးဆောင်ထားသော်လည်း ဆိပ်ကမ်းတံတားသို့ကုန်များအပြည့်အဝမရောက်ရှိသည့်ကိစ္စများ။ (SHORT LANDING)

(င) ဆိပ်ကမ်းတံတား၌ ကုန်ထုပ်များဖွင့်လှစ်စစ်ဆေးရာတွင် လျော့နည်းကြောင်းတွေ့ရှိရသည့် ပစ္စည်းများ၊ ကွဲရှပျက်စီးနေသည့် ပစ္စည်းများအပေါ် ၌ ပေးဆောင်ခဲ့သော အကောက်ခွန်များ ပြန်လည်ပေးအမ်းရန် တောင်းခံသည့်ကိစ္စများ ။ (SHORTAGES AND BREAKAGES)

(စ) အကောက်ခွန်များပေးဆောင်ပြီးသော်လည်း ကုန်ပစ္စည်းများသက်ဆိုင်ရာသင်္ဘောနှင့်ပါမလာဘဲ နောက်တစ်ကြိမ်ဆိုက်ရောက်သည့်သင်္ဘောဖြင့်ပါလာပြီး၊ အကောက်ခွန်ထပ်မံပေးဆောင်ရသဖြင့် ပထမအကြိမ်ပေးဆောင်ခဲ့သည့် အကောက်ခွန်များ ပြန်လည်ပေးအမ်းရန် တောင်းခံသည့်ကိစ္စများ ။ (SHORT LANDED GOODS ARRIVING SUBSEQUENTLY) BAM - 554

## ပင်လယ်ကြောင်းအကောက်ခွန်ဥပဒေပုဒ်မ (၄၀) နှင့်အကျုံးမဝင်သည့်ကိစ္စရပ်များ

အခြားသော အကြောင်းတစ်စုံတစ်ရာကြောင့် အခွန်အခများ ပြန်လည်ပေးအမ်းရန် အကြောင်းပေါ်ပေါက်လာသဖြင့် ပလကပုဒ်မ(၄၀) နှင့် အကျုံးမဝင်ဟု သတ်မှတ်ထားသည့် ကိစ္စများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ အချိန်ကန့်သတ်ချက်မလိုဘဲ ပြန်အမ်းနိုင်သော ကိစ္စရပ်များဖြစ်ပါသည်။

(က) ဓါတ်ခွဲစမ်းသပ်နေစဉ်အတွင်း ပိုမိုသည့်အကောက်ခွန်နှုန်းထားဖြင့် အကောက်ခွန်ပေးဆောင်ခဲ့ပြီး၊ ဓါတ်ခွဲစစ်ဆေးချက်အရ လျော့နည်းသောနှုန်းထားဖြင့် ပြန်လည်စည်းကြပ်ရသည့်

ကိစ္စများ ။ (CHEMICAL TEST RESULT)

(ခ) စာရွက်စာတမ်းအထောက်အထားမပြည့်စုံသဖြင့်ပိုမိုသည့်အကောက်ခွန်နှုန်းထား (သို့မဟုတ်) ပိုမိုသည့်တန်ဖိုးအပေါ်တွင် အခြေပြုလျက် အကောက်ခွန်များပေးဆောင်ပြီးနောက်မှ စာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာ ရရှိသဖြင့် ပြန်လည်စည်းကြပ်ရမည့် ကိစ္စများ ။ (DUTY PAID IN EXCESS DELIBERATELY)

(ဂ) ကုန်လှောင်ရုံတွင်းပစ္စည်းများ (BONDED GOODS) အပေါ်တွင် အခွန်ထမ်းဆောင်ပြီး၊ ကုန်ပစ္စည်းများကို ကုန်လှောင်ရုံမှ ထုတ်ယူခြင်းမပြုဘဲ ပေးဆောင်ထားသည့်အခွန်ကို ပြန်အမ်းလျှောက်ထားခြင်း။ (DUTY PAID ON BONDED GOODS)

(ဃ) စာရွက်စာတမ်းများပြည့်စုံသဖြင့် ယာယီစည်းကြပ်ခြင်းစနစ် (PROVISIONAL ASSESS-MENT SYSTEM) အရ အကောက်ခွန်များပေးဆောင်ပြီးနောက်မှ အပြီးသတ်စည်းကြပ်ရာတွင်ပိုမိုနေသော အကောက်ခွန်များပြန်လည်ပေးအမ်းရသည့်ကိစ္စများ။ (PROVISIONAL DUTY S.O.4/ 68) (အမြဲတမ်းအမိန့် အမှတ် ၂/၉၀)

(င) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အကောက်ခွန်ကင်းလွတ်ခွင့်အမိန့် အရ တောင်းခံသည့်ကိစ္စများ ။ (ပလက ဥပဒေပုဒ်မ ၂၃)

(စ) အခွန်များကိုပေးသွင်းရာတွင် ကန့်ကွက်ချက် (UNDER PROTEST) ဖြင့်ပေးသွင်းပါက၊ ယင်းကဲ့သို့ပေးသွင်းခြင်းကို ပြန်အမ်းလျှောက်ထားသကဲ့သို့ မှတ်ယူရမည်။

<u>ပင်လယ်ကြောင်းအကောက်ခွန်ဥပဒေပုဒ်မ ၃၆ ပါပြဋ္ဌာန်းချက်များ</u>

ပင်လယ်ကြောင်းအကောက်ခွန်ဥပဒေပုဒ်မ (၄၀) ပါပြဋ္ဌာန်းချက်များကို စစ်ဆေးပြီးနောက် ပုဒ်မ(၃၆) ပါပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းရှိ/မရှိ ထပ်မံစစ်ဆေးရပါသည်။ ၎င်းပုဒ်မ ၃၆ အရ အကောက်ခွန်ပိုင်နက်မှပစ္စည်းများ ထုတ်ယူသွားပြီးနောက်ပိုင်းတွင် အကောက်ခွန်စည်းကြပ်ထားသည့် သွင်းကုန်ကြေညာလွှာ သို့မဟုတ် ထုတ်ကုန်ကြေညာလွှာအမှတ် ဖော်ပြထားသည့်အချက်အလက်များ ပြင်ဆင်ခြင်းကို တားမြစ်ထားပါသည်။

သို့ဖြစ်ရာတွင် ကုန်ပစ္စည်းများ ထုတ်ယူသွားပြီး နောက်ပိုင်းတွင်မှ ထိုစာရင်း၌ ဖော်ပြသည့်အချက်အလက်များမှားယွင်းနေကြောင်း ဖော်ပြလျက် ထိုမှားယွင်းမှုကြောင့် ပိုမိုကောက်ခံထားသော အခွန်ငွေများ ပြန်လည်ပေးအမ်းရန် တောင်းခံခြင်းကို လက်ခံစဉ်းစားမည်ဆိုလျှင် ထိုစာရင်းပါ အချက်အလက်များကို ပြင်ဆင်ရန်လိုအပ်မည်ဖြစ်ပါသည်။ ထိုကဲ့သို့သောအကြောင်းပြချက်များဖြင့် တောင်းခံလာသည့် ကိစ္စအားလုံးကို ပင်လယ်အကောက်ခွန်ဥပဒေပုဒ်မ (၃၆) ပါပြဋ္ဌာန်းချက်များအရ လက်ခံစဉ်းစားနိုင်တော့မည်မဟုတ်ချေ။

သို့ရာတွင် ထုတ်ယူပြီးသော ပစ္စည်းများကို ပြန်လည်စစ်ဆေးကြည့်ရှုရန် မလိုဘဲ၊ ပျံ့နေပြီးသော ဘာရျက် စာတမ်းများ၊ သက်သေခံအထောက်အထားများ အရ ပူလပုားပွင်းချက်များကို တွေ့ရှိနိုင်သည့် အောက်ဖော်ပြပါ ကိစ္စရပ်များတွင် [illegible] သည်တောင်းခံချက်များကို လက်ခံစဉ်းစားရန် အစိုးရ၏ ဆုံးဖြတ်ချက်ဖြင့် ခွင့်ပြု[illegible] သည် ။

(က) တွက်ချက်ရာတွင်မှားယွင်းသည့် ကိစ္စများ ။

(ခ) သွင်းကုန် / ထုတ်ကုန်ကြေညာလွှာ၌ ပစ္စည်း၏ အမျိုးအမည်ကို မှန်ကန်စွာဖော်ပြထားသော်လည်း စည်းကြပ်သည့်အခွန်နှုန်းမှားယွင်းနေသည့်ကိစ္စများ ။

(ဂ) ကုန်ပစ္စည်းများ အကောက်ခွန်ပိုင်နက်မှ မထုတ်ယူမီက မှတ်သားထားသည့် စစ်ဆေးချက်များ အရ သို့မဟုတ် ထုတ်ယူထားသောနမူနာများအရ စည်းကြပ်မှုကို မှန်ကန်အောင်ပြန်လည်ပြင်ဆင်ရသည့်ကိစ္စများ ။

အထက်ဖော်ပြပါအမျိုးအစားများ၌မပါဝင်သော်လည်း ညွှန်ကြားရေးမှူးချုပ်က ကုန်ပစ္စည်းများကို ပြန်လည်စစ်ဆေးခြင်းမပြုဘဲ၊ တောင်းခံချက်မှာ မှန်ကန်သည်ဟုယူဆပါကပုဒ်မ ၃၆ ပြဋ္ဌာန်းချက်များကို လျော့ပေါ့လျှက် ပိုမိုကောက်ခံထားသည့် အကောက်ခွန်ငွေကို ပြန်လည်ပေးအမ်းခွင့်ပြုနိုင်ပါသည်။ (BAM 525)

ကုန်ပစ္စည်းများထုတ်ယူခြင်းမှ ပျက်စီးကြောင်းတွေ့ရှိ၍ လျှော့ကောက်ထားသည့်ပြန်အမ်းများတွင် ပလက ဥပဒေပုဒ်မ ၃၆ ဖြင့် တားမြစ်ထားပါသည်။ ပလက ဥပဒေပုဒ်မ ၃၆ သည် သွင်းကုန်တုတ်ကုန်ကြေညာလွှာတင်သွင်းသည့်ကိစ္စများနှင့်သာ အကျုံးဝင်ပါသည်။

## <u>အခြားပြဋ္ဌာန်းချက်များနှင့် စည်းကမ်းချက်များ</u>

ပုဒ်မ ၃၆ နှင့် ၄၀ ပါပြဋ္ဌာန်းချက်များကို ဆန့်ကျင်ခြင်းမရှိလျှင် အခွန်ငွေများပြန်လည်ပေးအမ်းရန်ကိစ္စများအနက် သတ်မှတ်ထားသည့် သက်ဆိုင်ရာပြဋ္ဌာန်းချက်များ၊ စည်းကမ်းချက်များနှင့် ညီညွတ်ခြင်း ရှိ/မရှိ အခွန်အခများ ပိုမိုကောက်ခံထားခြင်း ဟုတ် မဟုတ်စသည့်လိုအပ်ချက်များကို ဆက်လက်စစ်ဆေးရပါသည်။

(က) <u>လျော့ရောက်ကုန်များအတွက် အခွန်ငွေပြန်အမ်းခြင်း</u>

SHORT LANDED GOODS။ အောက်ပါလိုအပ်ချက်များ ပြည့်စုံမှသာ ထိုကုန်ပစ္စည်းများပေါ် တွင်ပေးဆောင်ခဲ့သည့်အကောက်ခွန်ငွေကို ပြန်လည်ပေးအမ်းနိုင်ပါသည်။

(၁) လျော့ရောက်ကုန်သည် နောက်ရေယာဉ်တစ်စီးဖြင့်ပါလာခြင်းမရှိလျှင်၊ ၎င်းကုန်များ မူလတင်ပို့သည့်ဆိပ်ကမ်း၌ သင်္ဘောမတင်ဖြစ်ကြောင်း လက်မှတ်ပါရှိရမည်။

(၂) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ကုန်ရှင်းတမ်းများ (OUTTURN REPORTS) တွင် လျော့ရောက်ကုန်များအဖြစ် ထည့်သွင်းဖော်ပြထားရမည်။

[illegible] ကုန်များလျော့ရောက်ကြောင်း သက်သေခံ

(ခ) <u>လျော့နည်းကွဲရှပျက်စီးသော ကုန်ပစ္စည်းများအတွက် အခွန်ငွေများပြန်လည်ပေးအပ်ခြင်း နှင့်သက်သေခံလက်မှတ်ထုတ်ပေးခြင်း</u> (SHORTAGES AND BREAKAGES)

လျော့နည်းနေသောပစ္စည်းများနှင့် ပတ်သက်၍ ရာဖြတ်လက်စွဲစာစောင် အပိုဒ် ၅၄၈ (BAM PARA ; 548) တွင်အောက်ပါအတိုင်းလျော့နည်းခြင်း(၃)မျိုးကို ဖွင့်ဆိုထားပါသည် -

<u>SHORTAGES IN PACKAGES BAM 548</u>

(၁) CLAUSE A (NO ROOM) ကုန်ပစ္စည်းသေတ္တာတွင် လျော့နည်းပစ္စည်းအတွက်နေရာလပ်မရှိ၊ အခြားသေတ္တာများတွင်လည်း နေရာလပ်မရှိကြောင်း ပစ္စည်းအားလုံးကို စစ်ဆေးတွေ့ရှိပါက ကုန်တင်သွင်းသူအား ပြန် အမ်းခွင့်ပြုပါသည်။

(၂) CLAUSE B (ROOM) လျော့နည်းသော ပစ္စည်းများအတွက် သေတ္တာတွင်နေရာလပ်ရှိပြီး၊ ထိုပစ္စည်းများ အား တင်သွင်းသည်ဟုယူဆရမည်ဖြစ်၍ ပြန် အမ်းခွင့်မပြုသို့သော် အဆိုပါပစ္စည်းတင်သွင်းခြင်းမရှိကြောင်း အထောက်အထားတင်ပြနိုင်ပါက ပြန် အမ်းခွင့်ပြုပါသည်။

(၃) CLAUSE C DAMAGED CASE, ROOM OR NO ROOM သင်္ဘောကိုယ်စားလှယ်၏ စစ်ဆေးချက်. (SURVERY HELD BY STEAMER AGENT) ပါရှိ၍ သင်္ဘောကိုယ်စားလှယ်ကကျသင့်သောအခွန် အခများကို ပေးလျော်ရန် ငြင်းပယ်ပါက ပြန် အမ်းခွင့်ပြုပါသည်။

လျော့နည်းနေသည့်ပစ္စည်းများနှင့် ပတ်သက်၍ အောက်ပါလိုအပ်ချက်များ ပြည့်စုံမှသာထိုကုန်ပစ္စည်းများပေါ် တွင်ပေးဆောင်ခဲ့သည့် အခွန်ငွေကို ပြန်လည်ပေးအမ်းပါသည်။

(က) ကုန်ထုတ်များသည်ပြင်ပမှလည်း ပျက်စီးခြင်းမရှိ၊ အတွင်း၌လည်းလျော့နည်းနေသော ပစ္စည်းများ နေရာလွတ်မရှိကြောင်းကို ဆိပ်ကမ်းတံတား၌ ဖွင့်လှစ်စစ်ဆေးသည့်အကောက်ခွန် အရာရှိက စစ်ဆေးချက်မှတ်တမ်းကို တိကျစွာဖော်ပြထားခြင်း။

(ခ) ချို့ယွင်းပျက်စီးနေသော ကုန်ထုပ်အတွင်းမှ လျော့နည်းနေသော ပစ္စည်းများနှင့်ပတ်သက်၍ အောက်ပါအချက်အလက်များနှင့် ပြည့်စုံရန်လိုအပ်ပါသည်။

(၁၁) ကုန်ထုပ်သည် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ ပျက်စီးနေသည့် ကုန်ထုပ်များစာရင်း (MPA'S LIST OF DAMAGED PACKAGES) ၌ဖော်ပြပါရှိရမည်။

(၂၂) သက်ဆိုင်ရာ သင်္ဘောကိုယ်စားလှယ်က အခွန်များတောင်းခံချက်ကိုငြင်းပယ်ကြောင်း အထောက်အထားပြသရမည်။

(၃၃) လျော့နည်းမှုကို သင်္ဘောကိုယ်စားလှယ်ရှေ့မှောက်၌ စစ်ဆေးပြီးကြောင်း ဆိပ်ကမ်းတံတားဦးစီး အရာရှိ (ရာဖြတ်) ၏ မှတ်တမ်းပါရှိရမည်။

ကွဲရှပျက်စီးနေသည့် ပစ္စည်းများကိစ္စ ။ (BROKEN BOTTLES OF LIQUROR) (BAM 556/557)

ကွဲရှပျက်စီးနေသော အရက်ပုလင်းများနှင့် စပ်လျဉ်း၍ အဆို့နှင့်ပုလင်းဖုတ်သိမ်းသည် ပူးတွဲလျက်ရှိပြီး (CORKS AND CAPSULE INTACT) ကွဲရှပျက်စီးကြောင်းကိုလည်း ပစ္စည်းများ အကောက်ခွန်ပိုင်နက်မှ မထုတ်ယူမီ စစ်ဆေးတွေ့ရှိခြင်းဖြစ်ရမည်။

အခြားကွဲရှလွယ်သည့်ပစ္စည်းများဖြစ်လျှင် ၎င်းပစ္စည်းများသည် သက်ဆိုင်ရာသွင်းကုန်ကြေညာလွှာအားအကောက်ခွန်ဦးစီးဌာနသို့ မတင်သွင်းမီကပင် ကွဲရှပျက်စီးနေကြောင်းကို ကုန်တင်သွင်းသူက ပစ္စည်းများပထမဦးစွာ စစ်ဆေးသည့်အချိန်တွင် ရေးသားဖော်ပြမှသာလျှင် ပလက အက်ဥပဒေပုဒ်မ ၃၃ အရ အကောက်ခွန်များပြန် အမ်းနိုင်ပါသည်။

<u>သင်္ဘောမတင်ဖြစ်သော ထုတ်ကုန်ပစ္စည်းများအတွက် ပြန်အမ်းခြင်း</u>

(SHORT SHIPMENT NOTICE) (FIVE CLEAR WORKING DAYS)

ထုတ်ကုန်ကြေညာလွှာဖြင့် ထုတ်ကုန်အကောက်ခွန်များပေးဆောင်ထားသော သင်္ဘောမတင်ဖြစ်သည့်သို့မဟုတ် သင်္ဘောပေါ် သို့တင်ဆောင်ပြီးမှ ဆိပ်ကမ်းသို့ပြန်ချထားသည့် ထုတ်ကုန်များဖြစ်ပါက ပင်လယ်ကြောင်းအကောက်ခွန်ဥပဒေ ပုဒ်မ ၁၄၀ အရ ကုန်တင်ပို့သူတို့က ထိုအကြောင်းအချင်းရာကို သင်္ဘောဆိပ်ကမ်းမှ ထွက်ခွာသွားသည့်နေ့မှစ၍ ရုံးဖွင့်ရက် (၅) ရက်အတွင်း ထုတ်ကုန်ဌာနစိပ်သို့ စာဖြင့်ရေးသားအကြောင်းကြားမှသာလျှင် ပေးဆောင်ထားသော ထုတ်ကုန်အကောက်ခွန်များကို ပြန်လည်ပေးအမ်းနိုင်ပါသည်။

<u>ကုန်သွယ်လုပ်ငန်းခွန်များပြန်အမ်းခြင်း</u>

ကုန်သွယ်အကောက်ခွန်များကို သွင်းကုန်အကောက်ခွန်များနှင့်အတူ တပါတည်း စည်းကြပ်ကောက်ခံရပါသဖြင့် အကောက်ခွန်ပြန်လည်ပေးအမ်းရန် ကိစ္စပေါ် ပေါက်တိုင်း ကုန်သွယ်လုပ်ငန်းခွန် ပြန်လည်ပေးအမ်းရန်ကိစ္စကိုပါ ပူးတွဲစစ်ဆေးပါသည်။ သို့ရာတွင် ပြည်တွင်းအခွန်ဦးစီးဌာနကသာ ကောက်ခံပြီးသော ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်သူသို့ ပြန်လည်ပေးအမ်းနိုင်သဖြင့် ပြန်အမ်းရန်လိုသည့်ကိစ္စများ၌ ညွှန်ကြားရေးမှူးချုပ် ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပုံစံဖြင့် အကြောင်းကြားရပါမည်။

## ထပ်မံကောက်ခံခြင်း (RECOVERY)

### လျော့နည်းကောက်ခံထားသည့် အခွန်အခများ သို့မဟုတ် ပိုမိုပြန်အမ်းထားသည့် အခွန်အခများ ပြန်လည်ကောက်ခံခြင်း

ပင်လယ်အကောက်ခွန်ဥပဒေပုဒ်မ ၃၉ ပါပြဋ္ဌာန်းချက်များ။ လုပ်ငန်းဆောင်ရွက်ရသည့် အကောက်ခွန်အရာရှိများ၏ မှားယွင်းမှု၊ အလေးဂရုမပြုမှု သို့မဟုတ် အယူအဆလွဲမှားမှု တစ်စုံတစ်ရာကြောင့်ဖြစ်စေ၊ ပစ္စည်းပိုင်ရှင်က ကုန်ပစ္စည်းအမှန်တန်ဘိုး၊ အရေအတွက်၊ အလေးချိန်၊ သို့မဟုတ် အမျိုးအမည်ကိုလွဲမှားဖော်ပြခြင်းကြောင့်ဖြစ်စေ၊ လျော့နည်းကောက်ခံထားသည့် အခွန်ငွေ သို့မဟုတ် ပိုမိုပြန်လည်ပေးအမ်းထားသည့်အခွန် အခများကို အောက်ပါကန့်သတ်ထားသည့်အချိန်များ အတွင်း တောင်းခံရသည် –

(က) အမှန်ကောက်ခံရမည့်ငွေထက် လျော့နည်းကောက်ခံထားသည့် ကိစ္စများတွင် ထိုအခွန်အခများပထမစည်းကြပ်ခဲ့သည့်နေ့မှ တစ်နှစ်အတွင်း ။

(ခ) ပိုမိုပေးအမ်းထားသောပြန်အမ်းငွေဖြစ်ပါက ပြန်အမ်းသည့်ရက်မှ တစ်နှစ်အတွင်း ပြန်လည်ကောက်ခံနိုင်ပါသည်။

မှတ်ချက် ။ တစ်နှစ်ဟူသော ကာလအပိုင်းအခြားကို တွက်ချက်ရာတွင် ပထမအခွန်စည်းကြပ်သည့်ရက်နှင့် ပြန်အမ်းသည့်ရက်တို့ကို နှုတ်ပယ်၍ စည်းကြပ်သည့်ရက်နှင့် ပြန်အမ်းသည့်ရက်၏နောက်ရက်မှစ၍ တွက်ချက်ရပါသည်။ ထိုကန့်သတ်ချက်ထက်ကျော်လွန်ပါက ပလကအက်ဥပဒေအရ အရေးမယူနိုင်သောလည်း ညွှန်ကြားရေးမှူးသည်သာမာန်ကိစ္စတစ်ရပ်အနေဖြင့် တောင်းခံနိုင်ခွင့်ရှိပါသည်။ သက်ဆိုင်သူက ၎င်း၏သဘောအလျောက်ပေးဆောင်ပါက အချိန်အကန့်အသတ်မရှိ လက်ခံနိုင်သည်။

ထိုပြင် ပြန်လည်ကောက်ခံခြင်းနှင့် စပ်လျဉ်း၍ ထူးခြားချက်မှာ "တောင်းခံလွှာသည် လျော့နည်းခွန်နှင့် ပိုမိုပြန်အမ်းငွေများပြန်လည်ရရှိသည့်အထိ" ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာနအနေဖြင့် တားဆီးနိုင်ခြင်းပင်ဖြစ်ပါသည်။

အကောက်ခွန်နှုန်းပြုပြင်ခြင်း၊ ပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသော လျော့နည်းခွန်များကောက်ခံခြင်း

အကောက်ခွန်နှုန်းပြုပြင်ပြောင်းလဲသည့်အခါများ၌ ကြိုတင် တင်သွင်းထားသော (PRIOR ENTRY) သွင်းကုန်ကြေညာလွှာများကို ပြန်လည်စုဆောင်း၍ သင်္ဘောနောက်ဆုံးဝင်သည့်နေ့ (FINAL ENTRY) ကို မူတည်၍ ၎င်းနေ့တွင် အကောက်ခွန်ပြောင်းလဲမှုမရှိပါက လျော့နည်းခွန်များကို ထပ်မံကောက်ခံရမည်။

မှတ်ချက် ။ ထပ်မံကောက်ခံရမည့်အခွန်ငွေသည် ကုန်စည်ဖြစ်ပါက ၅ ကျပ်ထပ်ပိုမိုခြင်းမရှိလျှင်